Myanmar Investment Commission

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးအမှတ်စဉ် (၂၁/၂၀၁၆) ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ရန်ကုန်မြို့ ၊ သစ္စာလမ်းရှိ ရင်းနှီး မြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရုံးတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

(၂၁/၂၀၁၆)အစည်းအဝေးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအရေအတွက် (၅)ခု ခွင့်ပြုခဲ့ပြီး၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ သန်းပေါင်း (၁၈.၀၈၄) နှင့် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် (၁,၂၈၉)ခုကို ဖန်တီးပေးနိုင်ခဲ့ပါသည်။ ခွင့်ပြုလုပ်ငန်း (၅)ခုတွင် စက်မှုလုပ်ငန်း(၃) ခု၊ အခြား ဝန်ဆောင်မှုလုပ်ငန်း (၁)ခုနှင့် ဟိုတယ်နှင့် ခရီးသွားကဏ္ဍ လုပ်ငန်း(၁)ခုတို့ကို ခွင့်ပြုပေးခဲ့ခြင်း ဖြစ်ပါသည်။

(၂၁/၂၀၁၆)အစည်းအဝေးတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၂) ခု ခွင့်ပြုခဲ့ပြီး၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း (၃၀၀.၆၄၀) နှင့် ကျပ်သန်း (၃၈၆,၈၆၉.၆၅၀) နှင့် အလုပ်အကိုင် (၁,၃၀၃)ခု ဖန်တီး ပေးနိုင်ခဲ့ပါသည်။ ခွင့်ပြုလုပ်ငန်း (၂)ခုတွင် သယ်ယူပို့ဆောင်ရေးလုပ်ငန်း(၁)ခုနှင့် အခြားဝန်ဆောင်မှုလုပ်ငန်း(၁) ခု တို့ကို ခွင့်ပြုပေးခဲ့ခြင်း ဖြစ်ပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုပေးခဲ့မှုမှာ ၂၀၁၆ နိုဝင်ဘာလလယ် အထိ စီးဝင်ခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၆၉)ခု ၊ ရင်းနှီးမြှုပ်နှံမှု ပမဏ အမေရိကန်ဒေါ်လာ သန်းပေါင်း (၂,၀၆၁.၃၇၃) ဖြစ်ပါသည်။

မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုပေးခဲ့မှုမှာ ၂၀၁၆ ခုနှစ် နိုဝင်ဘာလလယ်အထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၃၁)ခု၊ အမေရိကန် ဒေါ်လာ သန်းပေါင်း (၄၅၆.၅၃၅)နှင့် ကျပ်သန်း (၆၆၉,၅၉၃.၉၂၉) ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ခွင့်ပြုပေးရာတွင် လုပ်ငန်း၏ စီးပွားရေး တွက်ခြေကိုက်မှု ၊ အလုပ်အကိုင်သစ်များ ဖန်တီးပေးနိုင်မှု၊ အမျိုးသားဝင်ငွေနှင့် အခွန်တိုးတက် ရရှိနိုင်မှု၊ ပြည်တွင်းပြည်ပ ဈေးကွက် အခြေအနေ၊ ပြည်တွင်းစားသုံးရန် လိုအပ်ချက်၊ နည်းပညာဆီလျော်မှု ၊ တီထွင်ဆန်းသစ်မှု ၊ နည်းပညာလွှဲပြောင်းရရှိမှု ၊ ပတ်ဝန်းကျင် ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ထိန်းသိမ်းကာကွယ်ရေး ဆောင်ရွက်မှု အစီအမံများ၊ တာဝန်ယူမှု ရှိသော ရင်းနှီးမြှုပ်နှံမှုဖြစ်ခြင်း နှင့် တည်ဆဲဥပဒေများကို လိုက်နာခြင်း စသည့် အချက်များကို အခြေခံ၍ စိစစ်ခြင်း ဖြစ်ပါသည်။

Email : dica@mptmail.net.mm
Website: www.dica.gov.mm